# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ

မြန်မာနိုင်ငံ

အတွဲ ၀၉ | အောက်တိုဘာ-နိုဝင်ဘာ ၂၀၁၃

OCHA

ဤစာစောင်တွင်


ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်း စာ-၁

ရခိုင်ပြည်နယ် ဒေသခံတို့၏ တင်းမာမှုများ စာ-၂

ပဲခူးတိုင်း ရေကြီးမှု စာ-၃

မိတ္ထီလာ ပြန်လည်နေရာချထားရေး အစီအစဉ် စာ-၄




OCHA

## အဓိကအချက်များ

- ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် လူဦးရေ ၃၀၀၀ ကျော် နေရပ်မှ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။
- ဒေသ-ဖြတ်ကျော် လူသားချင်း စာနာမှု ဆိုင်ရာ ခရီးစဉ်များမှ ကချင်ပြည်နယ် အစိုးရ ထိမ်းချုပ်မှု ပြင်ပရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၆၀၀၀ဦး အတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။
- ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများထံ ရောက်ရှိနိုင်ခွင့် လျော့ကျလာပြီး လိုအပ်ချက်များကို စောင့်ကြည့် တုန့်ပြန် ပေးရန်လည်း ခက်ခဲလာသည်။
- ပဲခူးတိုင်းတွင် ရေကြီးမှုကြောင့် လူဦးရေ ၅၀၀၀၀ခန့် နေရပ်မှ ယာယီစွန့်ခွာတိမ်းရှောင်ခဲ့ရသည်။
- မိတ္ထီလာ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ လူဦးရေ ၅၄၀၀ တို့ကို ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များ စတင် ဆောင်ရွက်လျက် ရှိသည်။

## ကိန်းဂဏန်းများ

| | |
|---|---|
| လူသားချင်း စာနာမှု ဆိုင်ရာ ကူညီမှု လိုအပ်သူ ဦးရေ | ၉၀၆၀၀၀ |
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ ဦးရေ | ၆၄၉၀၀၀ |
| နိုင်ငံမဲ့နေသူဦးရေ | ၈၀၈၀၀၀ |

ကိုးကား - UNHCR, OCHA, TBC, CCCM

## ရန်ပုံငွေ

### ရခိုင်ပြည်နယ် တုန့်ပြန်ရေး စီမံချက်

အမေရိကန်ဒေါ်လာ

၁၀၉.၃ သန်း

တင်ပြတောင်းခံထား။

၇၈.၆ % လက်ခံရရှိထားပြီးဖြစ်။

### ကချင်ပြည်နယ် တုန့်ပြန်ရေး စီမံချက်

အမေရိကန်ဒေါ်လာ

၅၀.၉ သန်း

တင်ပြတောင်းခံထား။


၅၀ % လက်ခံရရှိထားပြီးဖြစ်။

# ကချင်ပြည်နယ်တွင် တိုက်ပွဲများပြန်လည်ဖြစ်ပွား

**မန်စီမြို့နယ်တွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် လူဦးရေ ၃၀၀၀ကျော် နေရပ်မှ တိမ်းရှောင်ခဲ့ရ**

၂၀၁၃ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင်ကချင်ပြည်နယ် မန်စီမြို့နယ်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ တို့တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ မုန်းဒင်ပါ အပါအဝင် တိုက်ပွဲဖြစ်ပွားရာ ဒေသမှ လူဦးရေ ၁၅၀၀ ခန့်သည် ဗန်းမော်၊ မိုင်းခေါင်နှင့် နမ်လင်းပါသို့တိမ်းရှောင်ခဲ့ကြရသည်။ နမ်လင်းပါရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၁၀၀၀ဦးတို့ထံ အကူအညီ များမှာ လုံခြုံရေးနှင့် လမ်းပမ်း ဆက်သွယ်မှု အခက်အခဲ များတို့ကြောင့် ကြန့်ကြာ ခဲ့ရသည်။

နိုဝင်ဘာလဆန်းတွင် နမ်လင်းပါ ၌ တိုက်ပွဲများ ထပ်မံ ဖြစ်ပွားသည့် အတွက် လူဦးရေ ၂၀၀၀ ကျော် ခန့် ထပ်မံ တိမ်းရှောင်ခဲ့သည်။ ဒီဇင်ဘာ လဆန်း အထိ နေရပ် စွန့်ခွာ တိမ်းရှောင်သူ ဦးရေ ၃၀၀၀ ကျော် ခန့်မှာ မန်းဝိန်းကြီး၊ လဂတ်ယန်၊ လနာဇွတ်၊ နှင့် ဘုံဇီပါ စခန်းများသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ စီခန်းကြီးရွာ တွင် ခိုလှုံ နေထိုင် နေရသော ကောင်းလွင်ရွာ မှ နေရပ် စွန့်ခွာ တိမ်းရှောင်သူ ၄၀၀ဦး တို့အတွက် လိုအပ် နေသောယာယီတဲများ၊ ပညာ သင်ကြားရေး ဆိုင်ရာ အထောက်အပံ့များနှင့် အစားအသောက်မဟုတ်သော အသုံးအဆောင်များ စသည်တို့ ပေးပို့နိုင်ရန် အတွက် အခက်အခဲများရှိနေသည်။




ဒေသခံနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ နေရပ်စွန့်ခွာ တိမ်းရှောင်သူ တို့ထံ အဟန့်အတားမရှိ ပုံမှန်ရောက်ရှိနိုင်ကာ လိုအပ်သည့် အကူအညီများ အလျှင်အမြန် ပေးအပ်နိုင်ရန် အရေးတကြီး လိုအပ်ပါသည်။ ကချင်ပြည်နယ်၏ လူသားချင်း စာနာမှုဆိုင်ရာ အခြေအနေ ယခုထက်ပိုမို ဆိုးဝါးမလာစေရန် နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့၏ လုံခြုံရေးနှင့် အကာအကွယ်ပေးရေးကို လိုက်နာ လေးစားရန် လိုအပ်ပါသည်။

### ဒေသ-ဖြတ်ကျော် ကူညီထောက်ပံ့မှုဆိုင်ရာ ခရီးစဉ်များမှ အစိုးရထိမ်းချုပ်မှုပြင်ပရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၆၀၀၀ဦးတို့ထံ ရောက်ရှိခဲ့

*ကချင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အားလုံး ထံသို့ အပြည့်အဝနှင့် အမြဲတမ်း ရောက်ရှိနိုင်ခွင့်လိုအပ်သည်။*

နိုဝင်ဘာလအတွင်းတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးတွဲခရီးစဉ်များသည် ကချင်ပြည်နယ်တွင်းရှိ အစိုးရထိမ်းချုပ်မှုပြင်ပ ဒေသများဖြစ်သော လိုင်ဇာ၊ မိုင်ဂျာယန်၊ လွယ်ဂျယ်နှင့် ဆဒုံး သို့ သွားရောက်ခွင့် ရရှိခဲ့သည်။ မန်စီသို့ သွားရောက်ခွင့် ရရှိခဲ့သော်လည်း လုံခြုံရေးအရ ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။ အဆိုပါ ပူးတွဲခရီးစဉ်များသည် ဒေသခံအဖွဲ့များ၏ လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အားဖြည့် ပံ့ပိုးပေးခဲ့သည်။ ဒေသခံ အဖွဲ့အစည်းများသည် ကချင်ပြည်နယ်တွင်းရှိ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအတွက် အဓိကအခန်းကဏ္ဍပါဝင်ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ လိုအပ်ချက်များကို ပဋိပက္ခစတင်ဖြစ်ပွားခဲ့သော လွန်ခဲ့သည့် ၂-နှစ်ကာလက စတင်ကာ ဖြည့်ဆည်းပေးနေလျှက်ရှိသည်။

နောက်ဆုံးသွားရောက်ခဲ့သော ပူးတွဲခရီးစဉ်များမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူဦးရေ ၂၆၀၀၀ တို့အတွက် နှစ်လစာ အစားအသောက်များ၊ အသုံးအဆောင်များ (ခြင်ထောင်၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်း)၊ ဆေးဝါး စသည့် ဦးစားပေး လိုအပ်ချက်တို့ကို ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ ထောက်ပံ့ပေးအပ်ခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း စီမံခန့်ခွဲမှု၊ အမျိုးသမီးနှင့်ကလေးငယ်များ အကာအကွယ် ပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာသင်တန်းတို့ကိုလည်း ပို့ချပေးခဲ့သည်။ ထပ်မံကောက်ယူခဲ့သော လေ့လာဆန်းစစ်ချက်များမှ အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် ယာယီတဲများတို့အတွက် လိုအပ်ချက်များရှိနေသေးကြောင်းကို တွေ့ရှိခဲ့ရသည်။

### အမြဲတမ်း သွားရောက်ခွင့် လိုအပ်လျှက်ရှိ

နိုင်ငံတကာအဖွဲ့အစည်းများ အနေနှင့်ကချင်ပြည်နယ်သို့ ပူးတွဲခရီးစဉ်များ ပုံမှန်ပြုလုပ်လာနိုင်ခြင်းမှာ တိုးတက်မှုတစ်ရပ်ဖြစ်သော်လည်း အစိုးရထိမ်းချုပ်မှု ပြင်ပဒေသရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၅၂၀၀၀ဦးတို့၏ လိုအပ်ချက်များကို စောင့်ကြည့် တုန့်ပြန်နိုင်ရန် နှင့် ဒေသခံအဖွဲ့အစည်းတို့၏ လုပ်ငန်းစဉ်တို့ကို ဝိုင်းဝန်းအားဖြည့် ပေးနိုင်ရန်အတွက် အမြဲတမ်းသွားရောက်ခွင့်ကို လိုအပ်လျှက်ရှိသည်။


## ဒေသခံလူထုတို့၏ တင်းမာမှုများကြောင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် နှောင့်နှေး

### နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့ထံ သွားရောက်ခွင့်မရှိသည့်အတွက် လူသားချင်းစာနာမှု ဆိုင်ရာ လိုအပ်ချက်များအား စောင့်ကြည့်ရန်နှင့် အကူအညီပေးရန် ခက်ခဲလျှက်ရှိ

*လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်း ဝန်ထမ်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ခြိမ်းခြောက်ခြင်းတို့ကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ခက်ခဲလျှက်ရှိနေသည်။*

လွန်ခဲ့သောလများအတွင်း ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဆန့်ကျင်မှုများ ပိုမိုများပြားလာကာ ပိုမိုသိသာလာခဲ့ကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းမှ ဝန်ထမ်းများ အနေနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ၏ လိုအပ်ချက်များကို ဆက်လက်တုန့်ပြန် ဖြည့်ဆည်းပေးရန် အလွန်ခက်ခဲလျှက် ရှိနေသည်။

*ဒေသခံတို့၏ တင်းမာမှုများနှင့် မလုံခြုံမှုတို့ကြောင့် ပေါက်တောရှိ နိုင်ငံတကာအဖွဲ့အစည်းများ လုပ်ငန်းများ ယာယီရပ်ဆိုင်း ခဲ့ရသည်။*




အထူးသဖြင့် မြေပုံ၊ စစ်တွေနှင့် ပေါက်တောတို့တွင် ရုံးဌားရန် သဘောတူ ထားသော အိမ်တို့အား ခဲများဖြင့် ပေါက်ခြင်း၊ တည်းခိုခန်းပိုင်ရှင် တို့မှ နိုင်ငံတကာဝန်ထမ်းများအား ဌားရမ်းရန် ငြင်းဆိုခြင်း၊ ခြိမ်းခြောက်ခံ ရမှုတို့ကြောင့် ဝန်ထမ်းများ နှုတ်ထွက်ခြင်း၊ လိုအပ်သော ကူညီထောက်ပံ့မှု ဆိုင်ရာ ပစ္စည်းနှင့် ဝန်ဆောင်မှုများ မှာယူမရနိုင်ခြင်း၊ ဒေသခံနှင့် လုံခြုံရေးဝန်ထမ်းများတို့မှ သွားရောက်ခွင့် ပိတ်ပင်ခြင်း စသည့် အခက်အခဲ တို့နှင့် ကြုံတွေ့ ခဲ့ရသည်။ ဖွန်လမှစ၍ ကြေညာချက် နှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဖေ့စ်ဘုတ်တွင် ခြိမ်းခြောက်မှုများ ရေးသားခြင်း စသည်တို့ ပိုမိုများပြားလာခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်း အချို့ လုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့ရပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူတို့အတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ ပေးအပ်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

## အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ရန်လိုအပ်

အဆိုပါအခက်အခဲများအား ကျော်လွှားနိုင်ရန်အတွက် အစိုးရနှင့် ဒေသခံလူထုအကြား အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ရန်လိုအပ်သည်။ လွန်ခဲ့သောလများအတွင်း လျော့ပါးလာခဲ့သော ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်များ လိုအပ်သည်။ နိုင်ငံတကာအဖွဲ့အစည်းနှင့် ဝန်ထမ်းများ အပေါ် ဦးတည် ဆန့်ကျင်ခြင်းဆိုင်ရာ အပြုအမူများအား ဖြေရှင်းဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်သည်။

မွတ်ဆလင်မိသားစုများသည်သာ အကူအညီလိုအပ်သူများမဟုတ်ကြောင်း၊ ရခိုင်တိုင်းရင်းသားများစွာသည်လည်း ဒေသ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းကြောင့် အကူအညီများလိုအပ်လျှက်ရှိနေကြောင်း၊ ဒေသခံတို့၏ နိုင်ငံတကာအဖွဲ့အစည်းများအပေါ်တွင် ဆန့်ကျင်တင်းမာမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းများကို အရှိန်အဟုန် လျော့ကျစေနိုင်ကြောင်းကို ဒေသခံများ လက်ခံ နားလည်လာစေရန် ဆွေးနွေးတင်ပြရန် လိုအပ်သည်။

## ပေါက်တောတွင် အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား နေရာရွှေ့ပြောင်းခဲ့

ပေါက်တောမြို့နယ်၊ ဆင်တက်မော် စခန်းအနီး နိုဝင်ဘာလ ၂ရက်နေ့ကဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ တွင် လူ၄-ဦးသေဆုံးပြီး အနည်းဆုံး၃-ဦး ဒဏ်ရာရရှိခဲ့သည်။ ဆက်လက်၍ ဒေသခံတို့မှ စစ်တွေဆေးရုံတွင် နိုင်ငံတကာအဖွဲ့အစည်းများအား ဘက်လိုက်ကူညီမှုရှိသည်ဟုဆိုကာ ဆန္ဒပြခဲ့ကြသည်။

အကြမ်းဖက်မှုဖြစ်ပွားပြီး ၂-ပတ်အတွင်းတွင် ဆက်လက်ဖြစ်ပွားလာသော ဒေသခံတို့၏ ဆန့်ကျင်မှု နှင့် မလုံခြုံမှုများတို့ကြောင့် ပေါက်တောရှိ နိုင်ငံတကာ အဖွဲ့အစည်းများ၏ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများသို့ သွားရောက်ကူညီမှုဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့သည်။ တချိန်ထဲတွင် ဒေသခံအုပ်ချုပ်သူတို့မှ ဆင်တက်မော် စခန်းမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၃၅၀၀ဦးခန့်ကို ငှက်ချောင်း စခန်းသို့

ပြောင်းရွှေ့နေရာချထားခဲ့သည်။ ထိုသို့နေရာချထားမှုကို ကြိုတင် မသိရှိခဲ့ရသည့်အတွက် ပြောင်းရွှေ့မှုများမှာ မိမိဆန္ဒ အလျောက်ဖြစ်ခြင်း၊ လုံခြုံမှုနှင့် သင့်တင့်လျောက်ပတ်မှုရှိခြင်း စသည်တို့အား စောင့်ကြည့် လေ့လာမှုများကို နိုင်ငံတကာအဖွဲ့အစည်းများ အနေနှင့် ပြုလုပ်ပေးနိုင်ခြင်း မရှိခဲ့ပါ။

## ရေလမ်းမှရွှေ့ပြောင်းကြသူများ ပိုမိုများပြားလာ

ယခုနှစ် ပထမ ၈-လတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူဦးရေ ၂၄၀၀၀ဦး ရေလမ်းမှ ရွှေ့ပြောင်းခဲ့ကြသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာသည့်အလျောက် ရခိုင်ပြည်နယ်မှ မွတ်ဆလင်မိသားစုများကို ထိုင်း၊ မလေးရှား နှင့်အခြား အိမ်နီးချင်းနိုင်ငံများသို့ ရေလမ်းခရီးမှ သယ်ယူပို့ဆောင်ပေးသည့် ခရီးစဉ်များ ပိုမိုများပြားလာခဲ့ပြီး လှေနစ်မြုပ်သည့်ဖြစ်စဉ်များလည်း များပြားလာခဲ့သည်။ နိုဝင်ဘာ ၃ရက်နေ့တွင် လူဦးရေ ၇၀ကို တင်ဆောင်လာသော လှေတစ်စင်း နစ်မြုပ်ခဲ့ပြန်ပြီး ၈ဦးကိုသာ ကယ်ဆယ်ရရှိကာ ကျန်ခရီးသည်များမှာ ပျောက်ဆုံးလျှက်ရှိသည်။

ယခုနှစ် ပထမ ၈-လတွင်လူဦးရေ ၂၄၀၀၀ခန့် မြန်မာမှ ဘင်္ဂလားဒေ့ရှ်သို့ လှေနှင့် ရွှေ့ပြောင်းခဲ့သည်ဟု ခန့်မှန်းရပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ၏အချက်အလက်များအရ နိုဝင်ဘာ ပထမပတ်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ လူဦးရေ ၁၅၀၀ ကျော်ခန့် လှေနှင့်ရွှေ့ပြောင်းခဲ့သည်ဟု သိရှိရသည်။ ပိုမိုကြီးမားသောလှေများနှင့် ပိုမိုနည်းပါးလာသည့် ကုန်ကျစရိတ်တို့ကြောင့် ရွှေ့ပြောင်းသူ ပိုမိုများပြားလာခဲ့သည်။

ထိုသို့ရွှေ့ပြောင်းကြသူများတွင် အမျိုးသမီးနှင့် ကလေးဦးရေပိုမိုများပြားလာခဲ့သည်။ ပဋိပက္ခမဖြစ်ပွားမီ ၂၀၁၂ ဇွန်လမတိုင်မီက ထိုသို့ရွှေ့ပြောင်းခဲ့သူအများစုမှာ အမျိုးသားများဖြစ်ကြပြီး ယခုအခါ မိသားစုလိုက် ရွှေ့ပြောင်းမှုများ ပုံစံသို့ ပြောင်းလဲလာခဲ့သည်။ ထို့အပြင် မိသားစုမပါသော အမျိုးသမီးများလည်း ရွှေ့ပြောင်းသူများအတွင်း ပိုမိုပါဝင်လာခဲ့သည်။ ထိုသို့ရွှေ့ပြောင်းသူများနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးများမှတဆင့် အကြမ်းဖက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ တည်ငြိမ်မှုမရှိခြင်း၊ နိုင်ငံသား အခွင့်အရေး မရှိခြင်း စသည့် စိုးရိမ်ပူပန်မှုများကို သိရှိခဲ့ရသည်။ လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံရခြင်းနှင့် အနီးတဝိုက်မှ ဒေသခံများ တို့ကြောင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ ပြန်လည်မလုပ်ကိုင်နိုင်သော အခက်အခဲ တို့ကို လည်း ရင်ဆိုင်နေရကြောင်း သိရှိရသည်။ အစားအသောက် ဖူလုံရေးအတွက် အခက်အခဲ ဖြစ်နေပြီး လွတ်လပ်စွာ သွားလာခွင့်မရှိပါက ပိုမိုဆိုးရွား လာနိုင်ဖွယ်ရှိသည်။



Aung Muang Sein, 55 yrs old, runs a small shop in an IDP camp in rural Sittwe to supplement the WFP assistance his family receives. Photo: OCHA.

# ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးမှုကြောင့် လူဦးရေ ၅၀၀၀၀ နေရပ်မှ ယာယီ စွန့်ခွာ


သဘာဝ ဘေးအန္တရာယ် လျော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ လိုအပ်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေ မြင့်တက်ပြီး ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဒေသများ သို့ အောက်တိုဘာ ၂၈ မှ နိုဝင်ဘာ ၂ထိ ရေဖုံးလွှမ်းခဲ့သည်။ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းနှင့် ထန်းတပင်မြို့နယ်များတွင် အိမ်ထောင်စု ၁၃၆၇၄စုမှ လူဦးရေ ၅၀၀၀၀ ကျော်သည် နေရပ်မှ ယာယီစွန့်ခွာကာ ကယ်ဆယ်ရေးစခန်း ၇၂ခုတွင် သွားရောက်ခိုလှုံခဲ့ကြရသည်။ ရေကြီးမှုကြောင့် လူ ၂-ဦးသေဆုံးခဲ့သည်။ နိုဝင်ဘာ ၅ရက်နေ့တွင် ရေပြန်လည်ကျဆင်းပြီး နိုဝင်ဘာ ၆ရက်နေ့တွင် ကယ်ဆယ်ရေးစခန်း ၃၃ခုတွင် လူဦးရေ ၁၅၈၃၀ဦးသာ ဆက်လက်ကျန်ရှိသည်။ ရေဆက်လက်

ကျဆင်းနေသည့်အတွက် ကျန်ရှိသူများအားလုံး နေရပ်သို့မကြာမီပြန်နိုင်ဖွယ်ရှိသည်။

အမေရိကန် ဒေါ်လာ ၂၆၄၀၀၀ တန်ဖိုးရှိ အထောက်အပံ့ပစ္စည်းများကို ရေကြီးမှုဒဏ်ခံရသူများ အတွက် ပေးအပ်ခဲ့သည်။ နိုင်ငံတော်အစိုးရမှ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဆီ နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှလည်း တောင်ငူနှင့် ရေတာရှည်မြို့နယ်တို့မှ ရေကြီးဒဏ်သင့် ပြည်သူများအတွက် နှစ်ပတ်စာ အစားအသောက်များ ဖြန့်ဖြူးပေးခဲ့သည်။ ဒေသခံအဖွဲ့အစည်းများနှင့် အလှူရှင်များတို့မှလည်း ကူညီထောက်ပံ့ခဲ့ကြသည်။ ရေကြီးမှုကြောင့် လယ်ဧက ၅၇၃၉၅ ရေဖုံးလွှမ်းခံခဲ့ရပြီး ၁၅၀၀၀ဧကမှာ ဆိုးဝါးစွာပျက်စီးခဲ့သည်။ ထိခိုက်ဆုံးရှုံး ခဲ့ရသူများအတွက် လယ်ယာစိုက်ပျိုးရေး ချေးငွေနှင့် မျိုးစပါးများ ပေးအပ်ကာ ဆောင်းရာသီစပါး စိုက်ပျိုးနိုင်ရန် စီစဉ်ပေးလျှက် ရှိသည်။

### သဘာဝဘေးဒဏ် အန္တရာယ် လျော့ကျရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ လိုအပ်




၂၀၁၃ခုနှစ် မိုးရာသီတွင် ရေကြီးမှုများသည် မြန်မာနိုင်ငံ နေရာဒေသ အများအပြားတွင် ဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ထောင်ပေါင်းများစွာတို့ နေရပ်မှ ယာယီစွန့်ခွာခဲ့ရကာ စပါးနှင့်သီးနှံ စိုက်ခင်းများလည်းပျက်စီးခဲ့သည်။ ယခုနှစ်တွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံနှင့် သင်ခန်းစာများကို အခြေခံကာ နောင်နှစ်များတွင် သဘာဝဘေးဒဏ် အန္တရာယ် လျော့ကျရေးနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို အားဖြည့်ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝ ဘေးဒဏ်ကို ခံစားခဲ့ ရသူတို့၏ အတွေ့အကြုံ များကိုလည်း လေ့လာကာ ထည့်သွင်း ရေးဆွဲရန်လိုသည်။

## မိတ္ထီလာမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၅၄၀၀ဦး အတွက် ပြန်လည်နေရာချထားရေး လုပ်ငန်း စတင်

*ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွင် နှစ်ထပ်အဆောက်အဦများ ပြန်လည်ဆောက်လုပ်ရန် အစီအစဉ်ပါဝင်သည်။*

လူဦးရေ ၄၃ဦး သေဆုံးခဲ့ရသည့် မိတ္ထီလာ အကြမ်းဖက်မှုများ ဖြစ်ပွားပြီး ၇-လအကြာတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၅၄၀၀ ဦးတို့သည် စခန်း ၅-ခုတွင် ဆက်လက် နေထိုင်ရလျှက် ရှိသည်။ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများတို့မှ ကူညီထောက်ပံ့မှုများ ပေးအပ်နေသော်လည်းပဲ လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်သည်။ အောက်တိုဘာလတွင် ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ မိတ္ထီလာသို့ ခရီးစဉ်သွားရောက်ခဲ့ပြီး ရန်ပုံငွေလျော့နည်းသွားသည့်အတွက် ကူညီထောက်ပံ့မှုများ နည်းပါးသွားသည်ကို တွေ့ရှိသည်။ စခန်းများရှိ ဆေးခန်းများတွင် ဆေးဝါးပြတ်တောက်မှုများ၊ သောက်သုံးရေ နည်းပါးမှုများ၊ မိလ္လာဖယ်ရှားရန် လိုအပ်မှုများ တို့ကို တွေ့ရှိခဲ့ရသည်။ အားကစားကွင်း အတွင်းတွင် နေထိုင်နေရသော မိသားစု ၂၇၀ တို့အတွက် နေရာထိုင်ခင်း အခက်အခဲများ ရှိနေသည်ကိုလည်း တွေ့ရှိရသည်။

### နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်အခြေချနေထိုင်လို

မတ်လတွင် ထုတ်ပြန်ခဲ့သော ပုဒ်မ ၁၄၄ ကို ဇူလိုင်လတွင် ပြန်လည်ရုတ်သိမ်းခဲ့ပြီး စခန်းပြင်ပသို့ သွားလာခွင့်ကို မနက် ၆နာရီမှ ညနေ ၆နာရီ အထိ ခွင့်ပြုခဲ့သည်။ လူအဝင်အထွက်ကို စောင့်ကြည့်ရန် စခန်းတွင် လုံခြုံရေး ဆက်လက်ထားရှိသည်။ စခန်းတွင် နေထိုင်သူများအနေနှင့် မိမိနေရပ်သို့ ပြန်လည်

အခြေချလိုသော်လည်း အစိုးရ၏ ပြန်လည်နေရာချထား လုပ်ငန်းစဉ်များမှာ နိဝင်ဘာလမှသာ စတင်နိုင်ခဲ့သည်။

### ပြန်လည် နေရာချထားရေး အစီအစဉ် ၂၀၁၄ ဧပြီလတွင် အပြီးဆောင်ရွက်ရန် သတ်မှတ်

အစိုးရတာဝန်ရှိသူများ၊ ပုဂ္ဂလိကအလှူရှင်များ၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ပြန်လည်နေရာချထားရေး ကော်မတီမှ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပြန်လည်နေရာချထားရေး အစီအစဉ်ကို တင်ပြခဲ့ပြီး ခွင့်ပြုချက်ရရှိခဲ့သည်။ နေအိမ်များကို ၂၀၁၄ ဇန်နဝါရီလတွင် စတင်တည်ဆောက်မည် ဖြစ်သည်။ ချမ်းအေးသာယာ ရပ်ကွက်မှ ပိုင်ဆိုင်မှုအထောက် အထားပြနိုင်သူ မိသားစု ၉၃စုကို ပုဂ္ဂလိက အလှူရှင်များ၏ အကူအညီဖြင့် အိမ်ယာများပြန်လည် တည်ဆောက် ပေးမည်ဖြစ်သည်။ အထောက်အထားမပြနိုင်သူတို့အား နှစ်ထပ်-စုပေါင်းအိမ်ယာများကို အစိုးရနှင့် ပုဂ္ဂလိကအလှူရှင်တို့မှ ပူးပေါင်းတည်ဆောက် ပေးသွားမည် ဖြစ်သည်။ တည်ဆောက်ရေး နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တို့ကို ၂၀၁၄ခုနှစ် ဧပြီလတွင် အပြီး ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းစဉ်အတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့နှင့် အဆက်မပြတ် တွေ့ဆုံရန်လိုအပ်ပြီး ဦးစားပေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်း မှုဆိုင်ရာ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ကူညီပေးရန် လိုအပ်သည်။

*ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွင် နှစ်ထပ် အဆောက်အဦများ ပြန်လည် ဆောက်လုပ်ရန် အစီအစဉ်ပါဝင်သည်။*

## သဘာဝဘေးအန္တရာယ် တုန့်ပြန်မှု စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ နှင့် လုပ်ထုံးလုပ်နည်း များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၀၁၃ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဥပဒေ မှ သဘာဝ ဘေးဒဏ် တုန့်ပြန်မှုလုပ်ငန်းများအတွက် ဥပဒေဆိုင်ရာမူဘောင်ကို ချမှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ဥပဒေကို ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများတို့ကို ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဌာနမှ ဦးဆောင်ကာ သဘာဝဘေးအန္တရာယ် လျှော့ချရေး ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းကာ ရေးဆွဲလျှက်ရှိပါသည်။

သဘာဝဘေး အန္တရာယ် တုန့်ပြန်မှု စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ နှင့် လုပ်ထုံးလုပ်နည်း များဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်တွင် အောက်တိုဘာ ၂၉-၃၀တွင် ကျင်းပခဲ့သည်။ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဌာနမှ ဦးဆောင်ခဲ့ပြီး ရှေ့နေချုပ်ရုံး နှင့် အစိုးရဌာနများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့မှ ဖိတ်ကြားထားသော သဘာဝဘေး အန္တရာယ် တုန့်ပြန်မှုဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုများနှင့် နိုင်ငံတကာ အထောက်အပံ့ဆိုင်ရာ အခန်းကဏ္ဍတစ်ခုကို ထည့်သွင်း ရေးဆွဲရန်တို့မှာ အဓိက အကြံပြုချက်များဖြစ်သည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေး ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းအဖွဲ့မှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်း များကို အပြီးသတ်ရေးဆွဲသွားရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက် တင်ပြသွားမည်ဖြစ်သည်။

**ထပ်မံသိရှိလိုပါကဆက်သွယ်ရန်**
အီဗာ မော့ဒ်ဗစ်ဂ်၊ သတင်းအရာရှိ၊ modvig@un.org ၊ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ဖုန်း ၀၉ ၈၆၁ ၀၈၄၈
OCHA လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။

## Top 10 Humanitarian Donors to Myanmar in 2013

